**၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်။**

နေပြည်တော်၊ ဧပြီ ၁ ။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀-၂၀၂၁ ခုနှစ်ဘဏ္ဍာရေးနှစ်၏ နှစ်လယ် ဖြစ်သော၂၀၂၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင်ရှိသည့် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေမှာ (၅၅.၀) သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသော တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်း မှာအောက်ပါအတိုင်းဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ထားပါသည် -

| **တိုင်းဒေသကြီး/ ပြည်နယ်** | **(၁-၄-၂၀၂၁) ရက်ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း)** | | |
|---|---|---|---|
| | **ကျား** | **မ** | **စုစုပေါင်း** |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၆ | ၃.၀ | ၅.၆ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၇ | ၀.၈ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၄ | ၂.၆ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၁ | ၃.၅ | ၆.၆ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၁ | ၄.၅ | ၈.၆ |
| ရှမ်းပြည်နယ် | ၃.၂ | ၃.၃ | ၆.၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၂ | ၆.၂ |
| နေပြည်တော်ကောင်စီနယ်မြေ | ၀.၆ | ၀.၇ | ၁.၃ |
| **စုစုပေါင်းခန့်မှန်းလူဦးရေ** | **၂၆.၃** | **၂၈.၇** | **၅၅.၀** |